မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
စုံစမ်းစစ်ဆေးမှုယန္တရား

အတွဲ ၈
ဇွန်လ၊ ၂၀၂၃

# သတင်းလွှာ

## ယန္တရား အကြီးအကဲထံမှ အမှာစာ



မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်အတွင်း အကြမ်းဖက်မှုများ သိသိသာသာ တိုးလာသည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် စစ်ကိုင်း၌ စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုအကြောင်း ကမ္ဘာ့သတင်းခေါင်းစဉ်များတွင် ပါလာခဲ့သည်။ သို့သော် ၎င်းဖြစ်ရပ်သည် ယန္တရားမှ စုံစမ်းစစ်ဆေးနေသည့် မြောက်မြားလှစွာသော အရပ်သားများအပေါ် တိုက်ခိုက်မှုများအနက်မှ တစ်ခုမျှသာ ဖြစ်သည်။ လူသတ်မှု၊ မုဒိမ်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ဥပဒေမဲ့ အကျဉ်းချခြင်းနှင့် နေရပ်ပြန်ပို့ခြင်း သို့မဟုတ် အတင်းအကျပ် လွှဲပြောင်းခြင်း အပါအဝင် နိုင်ငံ တစ်ဝှမ်းတွင် ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု များနှင့်ပက်သက်၍ ယုံကြည်စိတ်ချရသောအထောက်အထားများကို ကျွန်ုပ်တို့ စုဆောင်းထားပါသည်။ ဖြစ်ရပ်များ ဖြစ်ပျက်ပြီး မကြာခင်အချိန်တွင် အထောက်အထားများကို စုဆောင်းပြီး စိစစ်သုံးသပ်မှု လုပ်ခြင်းဖြစ်သည်။ ထို့နောက် ရာဇဝတ်မှု ကျူးလွန်သူများအား တရားစွဲ အရေးယူနိုင်ရန် အတွက် တရားစီရင်ရေး အာဏာပိုင်များထံ အမှုဖိုင်များ မျှဝေနိုင်ရန် ပြင်ဆင်နေပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သော နိုင်ငံတကာ ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို စုဆောင်းစိစစ် သုံးသပ်နေသလို အစောပိုင်း ဖြစ်ခဲ့သောရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းကိုလည်း ဆက်လက် အာရုံစိုက်လုပ်ဆောင်လျက်ရှိပြီး၊ သက်သေအထောက်အထားများ၊ သတင်းအချက်အလက်များနှင့် စိစစ်သုံးသပ်မှု အစီရင်ခံစာများကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၊ အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် အာဂျင်တီးနား တရားရုံးရှိ ရိုဟင်ဂျာ အမှုကိစ္စ ဆောင်ရွက်နေသူများထံ မျှဝေနေပါသည်။

လုံခြုံရေး အန္တရာယ် ကြီးမားသည့်ကြားက၊ ကျွန်ုပ်တို့ထံ သတင်းအချက်အလက်နှင့် အထောက်အထား များ မျှဝေပေးသော ရဲရင့်သော ပုဂ္ဂိုလ်များနှင့် အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ ကျွန်ုပ်တို့၏ လုပ်ငန်းသည် မဖြစ်နိုင်ပါ။ အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းများသည် ယန္တရားထံ အရေးကြီး အချက်အလက်များ ပေးပို့ပြီး၊သက်သေများ၊ ထိခိုက်နစ်နာသူများနှင့် ချိတ်ဆက်ပေးပါသည်။ ယန္တရားသည် ၎င်း၏ ပထမဆုံး အရပ်ဘက်လူ့အဖွဲ့အစည်း ဆွေးနွေးပွဲကို ပြီးခဲ့သည့်လတွင် ကျင်းပခဲ့ သည်။ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ သက်သေအထောက်အထားများ စုဆောင်းမှုနှင့် ထိခိုက်မှုအခံရဆုံးသူများကို ထောက်ကူပြုမှုတွင် ရှေ့တန်းမှ လုပ်ဆောင်နေသူများ၏ ပြောပြချက်များကိုကြားသိရသည်မှာ ကျွန်ုပ်တို့အဖွဲ့အတွက် ထူးခြားသည့်အခွင့်ရေးတစ်ခုဖြစ်ပါသည်။

ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ အပြန်အလှန် နားလည်မှုတိုးပွားစေရန်ဖြစ်ပြီး ဆွေးနွေးပွဲပါဝင်သူများ ယန္တရားအလုပ်လုပ်ပုံ၊ ယန္တရား ဘာလုပ်နိုင်သည်၊ ဘာမလုပ်နိုင် စသည်တို့ကို သေချာစွာသိ ရှိနားလည်သွားရန် ဖြစ်ပါသည်။ ကျွန်ုပ်နှင့် အဖွဲ့ ဘက်မှလည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကြုံတွေ့ နေရသော စိန်ခေါ်မှုများကို ပိုမိုသိရှိ နားလည် သဘောပေါက်ပြီး၊ ကျွန်ုပ်တို့၏လုပ်ငန်းနှင့် လိုက်လျော ညီထွေဖြစ်မည့် နည်းလမ်းများကို ရှာဖွေနေပါသည်။ တက်ရောက်လာသူအများစုထံမှ ၎င်းတို့၏ လုံခြုံရေးအတွက် စိုးရိမ်မှုများ၊ ၎င်းတို့ ကြုံတွေ့ခဲ့ရ သည့် စိတ်ဒဏ်ရာများ၊ တရားမျှတမှုကို မတွေ့ မြင်ရခြင်းအတွက် အားမရ ဖြစ်မှုများ အကြောင်း ကျွန်တော်တို့ ကြားသိရပါသည်။

ဆွေးနွေးပွဲပါဝင်သူများအား ကျွန်ုပ်တို့ ရှင်းပြထားသည့်အတိုင်း၊ ယန္တရားသည် ကြီးလေးသော ရာဇဝတ် မှုများအတွက် တရားမျှတမှုရှိလာစေရန် ကြိုးပမ်းအားထုတ်မှု အားလုံးကို လုပ်ဆောင်နေပါသည်။ အနာဂတ် တရားစီရင်မှုလုပ်ဆောင်ရာတွင် တရားစီရင်မည့် အာဏာပိုင်များ အသုံးပြုရန် အတွက် ယခု အချိန်တွင် သက်သေအထောက်အထားများကို စုဆောင်း ထိန်းသိမ်း စိစစ်သုံးသပ်နေခြင်းဖြစ်သည်။ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများတွင် ဥပဒေ အချိန်ကန့်သတ်ချက်မရှိပါ။ ဆိုလိုသည်မှာ ကျူးလွန်သူများအား တရားစွဲရန် အချိန်ကန့်သတ်ချက်မရှိကြောင်းနှင့် အဆိုပါ ရာဇဝတ်မှုများ အတွက် တာဝန်ရှိသူများသည် တစ်နေ့တွင် တာဝန်ခံနိုင်စေရန် ကျွန်ုပ်တို့ လုပ်ဆောင်နေပါသည်။

**Nicholas Koumjian**

# အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း



© IIMM/Illustration by JC

ယန္တရားသည် မြန်မာနိုင်ငံတွင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု မြောက်မြားစွာ ကျူးလွန်ကြောင်း ခိုင်လုံသော အထောက်အထားများ ဆက်လက်ရရှိနေပါသည်။ ရာဇဝတ်မှုများဖြစ်ပွားသည့် အကြိမ်အရေအတွက်နှင့် ပြင်းထန်မှုသည် မကြာသေးမီလများအတွင်း ပိုများ၊ ပိုကြီးလာခဲ့သည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ကြီးမားစွာ တိုးလာခြင်းကြောင့် ယန္တရားသည် အဆိုးရွားဆုံး ဖြစ်ရပ်များနှင့် ကျူးလွန်ခံရသူများအပေါ် သက်ရောက်မှု အပြင်းထန်ဆုံး ဖြစ်သည့် ပြစ်မှုများတွင် စုံစမ်းစစ်ဆေးမှုများကို အဓိကထားအာရုံစိုက် လုပ်ဆောင်နေသည်။ တစ်ဖက်တွင်လည်း ရခိုင်ပြည်နယ်အတွင်း ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ကျူးလွန်ခဲ့သော အစောပိုင်း ပြစ်မှုများအပေါ် စုံစမ်း စစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေပါသည်။

ယန္တရားသည် အရင်းအမြစ် ၇၀၀ ကျော်မှ များပြားလှသော အချက်အလက်များကို စုဆောင်းထားပြီး စာရွက်စာတမ်းများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ ဂြိုလ်တု ပုံရိပ်များ၊ လူမှုကွန်ရက်တွင် တင်ထားချက် များနှင့် အခြား မီဒီယာသတင်းများမှ ရသောအချက်အလက်များကို ဆက်လက်စုဆောင်းပါသည်။ အသက်ရှင်ကျန်ရစ်သူများ၊ မျက်မြင်သက်သေများနှင့် ထွက်ပြေးလာသူများထံမှ သက်သေထွက်ဆို ချက်များ သိသိသာသာ တိုးမြှင့်ရရှိပြီး၊ သက်သေ ၂၀၀ ကျော်၏ ထွက်ဆိုချက်များနှင့် စစ်ဆေးချက်များကို ရယူနိုင်ခဲ့သည်။

လုပ်ငန်းစဉ်များတွင် နောက်ဆုံးပေါ် ကိရိယာများနှင့် နည်းပညာရပ်များ သုံးစွဲလာမှုကြောင့်၊ ယန္တရား၏ သတင်းအချက်အလက် အထောက်အထားများ စုဆောင်းထိန်းသိမ်း စိစစ်သုံးသပ်ခြင်းနှင့် စီမံခန့်ခွဲ ခြင်း သည် ပို၍ ရှုပ်ထွေးဆန်းသစ်လာသည်။ ၎င်းသည် သက်ဆိုင်ရာအာဏာပိုင်များ နှင့် အဖွဲ့အစည်းများကို မျှဝေရန်အတွက် ရရှိနိုင်သော အချက်အလက်နှင့် အထောက်အထား ပမာဏ ပိုမိုများပြားလာစေပါသည်။ ယနေ့အထိ အထောက်အထား အချက်အလက်များနှင့် စိစစ်သုံးသပ်မှု အတွဲပေါင်း ၁၃၅ တွဲ ကျော်ကို မျှဝေရန် အဆင်သင့် ရှိပါသည်။

စုံစမ်းစစ်ဆေးမှုများနှင့် တိုးတက်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ တွင် ထုတ်ပြန်မည့် ယန္တရား၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြပါမည်။ ယန္တရားအကြီး အကဲသည် စက်တင်ဘာ ၁၁ ရက်တွင် လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြ မည်ဖြစ်ပြီး၊ အထွေထွေညီလာခံသို့ယခုနှစ်နှောင်းပိုင်းတွင် အကျဉ်းချုံးတင်ပြမည်ဖြစ်သည်။

## အလုပ်နှင့်ဆိုင်သည့် ကိန်းဂဏန်းများ

ရင်းမြစ်

**၇၀၀**

ကျော်မှ စုဆောင်းထားသော အချက်အလက်နှင့် အထောက်အထားများ

တွေ့ဆုံမေးမြန်း စစ်ဆေးမှု ပြုလုပ်ခဲ့သည့် သက်သေ

**၂၀၀** ကျော်

တရားစီရင်ရေး အာဏာပိုင်များနှင့် မျှဝေရန် အသင့်ဖြစ်သည့် သတင်းအချက်အလက်၊ စိစစ်သုံးသပ်မှုပေါင်း

**၁၃၅**

ကျော်

## လူမှုကွန်ရက် ရင်းမြစ်စုံစမ်းစစ်ဆေးမှုများ

ယန္တရား၏ လူမှုကွန်ရက်ရင်းမြစ် စုံစမ်းစစ်ဆေးသူများအဖွဲ့ သည် အင်တာနက်ပေါ်တွင် တွေ့နိုင်သော လူအများ ရရှိနိုင်သည့် အကြောင်းအရာများစွာကို ရှာဖွေ စိစစ်သုံးသပ်ပါသည်။ ဤအကြောင်းအရာများ တွင် ဗီဒီယိုများ၊ ဓာတ်ပုံများ၊ အသံဖိုင်များ၊ တရားဝင်ထုတ်ပြန်ချက်များနှင့် လူမှုကွန်ရက်တွင် အလွတ် သဘောတင်သော အကြောင်းအရာများနှင့် မီဒီယာသတင်း များပါဝင်သည်။

ထိုသို့သော လူမှုကွန်ရက် ရင်းမြစ်များရှိ အချို့အရာများတွင် ရာဇဝတ်မှုများအတွက် ယုံကြည်စိတ်ချရ သော တိုက်ရိုက်အထောက် အထားများပါဝင်ပြီး၊ မကြာခဏဆိုသလို စုံစမ်းစစ်ဆေးသူများကို ယန္တရား မှမသိရသေးသည့် အရေးကြီးသော သတင်းရင်းမြစ်များသို့ ညွှန်ပြပေးလေ့ရှိသည်။ ၎င်းက စုံစမ်း စစ်ဆေးမှု အများအပြားကို ရှေ့ တိုးရန် အထောက်အကူ ဖြစ်စေပါသည်။ ယန္တရားသည် သတင်းမှားများ သို့မဟုတ် "အတုအယောင် သတင်းများ" ကို ဖော် ထုတ်ရန် တင်းကျပ်သော အတည်ပြုခြင်းလုပ်ငန်းစဉ် ကို ချမှတ်လုပ်ဆောင်သည်။

အထူးသဖြင့် မြန်မာနိုင်ငံသည် ယန္တရားအား နိုင်ငံတွင်းရှိ မှုခင်း ဖြစ်ပွားခဲ့ ဖွယ်ရာရှိသော ဒေသများသို့ ဝင်ခွင့်မပြုသောကြောင့်၊ လူမှုကွန်ရက်ရင်းမြစ်များသည် တန်ဖိုးရှိသော သတင်းနှင့် အထောက်အထား အရင်းအမြစ် ဖြစ်သည်။

## ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ

ထိခိုက်နစ်နာသူများအတွက် တာဝန်ခံမှုနှင့် တရားမျှတမှု ရရှိရေး အလားအလာများ တိုးမြှင့်ရန် ယန္တရား ၏ စုံစမ်းစစ်ဆေးမှုများတွင် ငွေကြေးအချက်အလက်နှင့် အထောက်အထားများကိုပါ စုဆောင်းခြင်း နှင့် စိစစ်သုံးသပ်ခြင်း လုပ်ရန်ပေါင်းစပ်ထားသည်။ ယန္တရားသည် ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ရန် အထောက်အပံ့ ဖြစ်စေသည့် သို့မဟုတ် ထိုရာဇဝတ်မှုများမှ အကျိုးအမြတ်ရရှိသည့် စစ်ဘက်နှင့် အရပ်ဘက်အရာရှိများ၊ စီးပွားရေး လုပ်ငန်းတာဝန်ရှိသူများ နှင့် ဆက်နွယ်သည့် ငွေကြေးဆိုင်ရာ အချက်အလက်များကို စစ်ဆေးနေသည်။

ယန္တရား၏ ငွေကြေးစုံစမ်း စစ်ဆေးသူများ သည် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ ကော်ပိုရိတ်အဖွဲ့အစည်းများနှင့် အကျိုးစီးပွားအုပ်စုများကြားရှိ ကွန်ရက် များနှင့် ချိတ်ဆက်မှုများအပေါ် ဆန်းစစ်ခြင်းကို အာရုံစိုက် လုပ်ဆောင်ပါသည်။ အထူးသဖြင့် လက်နက် ဝယ်ယူထောက်ပံ့ခြင်းဆိုင်ရာ ကွင်းဆက်များ နှင့် ရခိုင်ပြည်နယ်တွင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း မြေယာ၊ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများ သိမ်းယူခဲ့သည့် ကိစ္စရပ်များတွင် ဖြစ်သည်။

တာဝန်ရှိနိုင် သူများ၏ အကျိုးအမြတ်များ၊ ဥစ္စာပစ္စည်းများ၊ နှင့် ပိုင်ဆိုင်မှုများကို ဖော်ထုတ်ခြင်းသည် ပြစ်မှု ကျူးလွန်သူများအား ခြေရာခံမိရန် အလားအလာကို တိုးမြှင့်စေပြီး၊ ၎င်းတို့ကို တရားစွဲ ဆိုရန်နှင့် လျော်ကြေးပေးချေရန်အတွက် ဖြစ်နိုင်ခြေရှိသည့် အရင်းအမြစ်များကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။

## ပူးပေါင်းဆောင်ရွက်ခြင်း

အဖွဲ့ဝင်နိုင်ငံများနှင့် အခြားလုပ်ဖော်ကိုင်ဖက်များ၏ ပံ့ပိုးကူညီမှုသည် ယန္တရား၏လုပ်ပိုင်ခွင့်များကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန် အတွက် အရေးကြီးပါသည်။ ယန္တရား လုပ်ပိုင်ခွင့်များကို မြှင့်တင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေများတွင် အချက်အလက် စုဆောင်းခြင်းနှင့် စုံစမ်းစစ်ဆေး ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ ဂျီနီဗာ၊ နယူးယောက်နှင့် အခြားမြို့တော် အများအပြားတွင် အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် လူကိုယ်တိုင်တွေ့ဆုံခဲ့သည်။ ယနေ့အထိ မြန်မာနိုင်ငံသည် ယန္တရားမှ တောင်းဆိုထားသော သတင်းအချက်အလက်နှင့် ၎င်း၏ နယ်မြေသို့ ဝင်ရောက်ခွင့်များကို တုံ့ပြန်ခြင်း မရှိသေးပါ။

၂၀၂၃ ခုနှစ် ဧပြီလ ([ဆုံးဖြတ်ချက်အမှတ် ၅၂/၃၁](#)) တွင် လူ့အခွင့်အရေးကောင်စီမှ ကုလသမဂ္ဂအဖွဲ့ အစည်းများအား ယန္တရားဖြင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂ လူ့အခွင့် အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် အား အနာဂတ်တရားစွဲဆိုမှုများတွင် အထောက်အကူဖြစ်စေရန်အတွက် ယန္တရားထံ အထောက်အထား များ ဖြစ်နိုင်သလောက် မျှဝေရန် တောင်းဆိုခဲ့သည်။ ယန္တရားသည် ကုလသမဂ္ဂလုပ်ဖော်ကိုင်ဖက်များ၏ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကို ကျေးဇူးတင်ရှိပြီး မြန်မာနိုင်ငံတွင် တရားမျှတမှုရရေးလုပ်ဆောင် ရာတွင် အပြန်အလှန် အကျိုးပြုနိုင်ရန်အတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်မျှော်လင့် ပါသည်။

နိုဂုံးချုပ် နိုင်ငံတော်
အာဏာပိုင်များနှင့်
ပူးပေါင်းဆောင်ရွက်ရေး
မူဘောင်

၁၂

ချက်

# ကမ်းလှမ်းဆက်သွယ်ခြင်း

ယန္တရားသည် ထိခိုက်နစ်နာသူများ၊ မျက်မြင်သက်သေများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)၊ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုဆိုင်ရာ အားထုတ် ဆောင်ရွက် နေသူများနှင့် တစိုက်မတ်မတ် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ယန္တရား၏လုပ်ပိုင်ခွင့် နှင့် အလုပ်လုပ်ပုံကို သတိပြုမိစေရန်၊ ယုံကြည်မှု တည်ဆောက်ရန်နှင့် ယန္တရား၏ စုံစမ်းစစ်ဆေးမှုများ ကို ပံ့ပိုးကူညီလာစေရန် အတွက် တံခါးပိတ်ဆွေးနွေးခြင်းများနှင့် လူအများသိသော ဆက်သွယ်မှု လမ်းကြောင်း အမျိုးမျိုးကို အသုံးပြုပါသည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ


CSO များသည် ယန္တရားအတွက် အရေးပါသော သတင်းအရင်းအမြစ်များဖြစ်သည်။ အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ရန်၊ ဆက်ဆံရေးခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းလာစေရန်အတွက် CSO များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ရည်မှန်းချက်မှာ ကာလကြာရှည်ကပင် ရှိခဲ့သည်။ ပထမအကြိမ် အရပ်ဘက်လူ့အဖွဲ့အစည်း ဆွေးနွေးပွဲကို မေလတွင် ကျင်းပခဲ့ပြီး မတူကွဲပြားသော CSO အဖွဲ့ပေါင်း ၂၀ မှ ကိုယ်စားလှယ်များ၊ အကြီးတန်းခေါင်းဆောင်များ၊ ရှေ့နေများနှင့် စုံစမ်းရေးမှူးများ စုစည်းကာ ယန္တရားမှ ပါဝင်ခဲ့သည်။

သုံးရက်ကြာ ဆွေးနွေးမှုတွင် ယန္တရားမှ ဝန်ထမ်းများသည် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် လက်ရှိ တာဝန်ခံမှု အခင်းအကျင်း၊ ယန္တရား ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်ပုံနည်းလမ်းများနှင့် မျှဝေထားသည့် အချက်အလက်များကို အမှုတွဲဖိုင် များ တည်ဆောက်ရာတွင် အသုံးပြုပုံတို့ကို အသေးစိတ် ရှင်းပြခဲ့သည်။ CSO ပါဝင်သူများသည် ၎င်းတို့၏ လုပ်ငန်းခွင်တွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ လက်တွေ့အခြေအနေများနှင့် ယင်းဖြစ်ရပ်သည် ယန္တရားနှင့် ထိတွေ့ဆက်ဆံမှုကို မည်ကဲ့သို့ အကျိုးသက်ရောက်စေကြောင်း ဆွေးနွေးခဲ့သည်။ CSO များ သည် ၎င်းတို့၏ လုံခြုံရေး၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အခြားသော စိန်ခေါ်မှုများနှင့် ပတ်သက်၍ စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြင့် ယန္တရား၏ လုပ်ဆောင်ပုံနည်းလမ်းများနှင့် ပူးပေါင်းဆောင် ရွက်မှုကို မြှင့်တင်ရန် ကူညီပေးပါသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာ တရားစီရင်ရေးဆိုင်ရာအမှုများ ကို ကူညီပံ့ပိုးပေးသည့် ဆီးရီးယားအဖွဲ့ကိုယ်စားလှယ်များ သည် နိုင်ငံတကာ တရားမျှတမှုနှင့် တာဝန်ခံ မှု လုပ်ငန်းစဉ်များကို လက်တွေ့မည်သို့ လုပ်ဆောင်ကြောင်း ဆွေးနွေးမှုများကို ဦးဆောင်ခဲ့သည်။


အခမ်းအနားအပြီးတွင် တက်ရောက်လာသူများသည် ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြင်းပြသည့် ဆန္ဒရှိကြောင်းနှင့် ယန္တရား၏ ကန့်သတ်ချက်များနှင့် လုပ်ပိုင်ခွင့်ကို ပိုမိုလေးနက်စွာ နားလည်သဘော ပေါက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဆွေးနွေးပွဲများကို သက်ဆိုင်ရာ CSO များနှင့် စီစဉ်ပြီး လူချင်း ပုံမှန်တွေ့ဆုံပွဲများကို ယန္တရား၏ ထိတွေ့ဆက်ဆံမှုတစ်ခု အနေဖြင့် ဆက်လက်လုပ်ဆောင်သွား မည် ဖြစ်သည်။

## ဖေ့စ်ဘုတ်

ပိုရိုသတ် ၇၅၀၀၀ ကျော်ရှိသည့် ယန္တရား၏ **ဖေ့စ်ဘုတ်စာမျက်နှာ** သည် မြန်မာနိုင်ငံရှိ တရားမျှတမှုနှင့် တာဝန်ခံမှုကို အလေးထားသူများထံသို့ ရောက်ရှိရန် အဓိကလမ်းကြောင်း တစ်ခုဖြစ်သည်။ မကြာ သေးမီကစ ပုံမှန်တင်နေသော အင်္ဂလိပ်နှင့် မြန်မာ နှစ်ဘာသာဖြင့် ရေးသားသည့် အကြောင်းအရာနှစ်ခု ကို လူအများ စိတ်ဝင်စားသည်။




နောက်အကြောင်းအရာ တစ်ခုဖြစ်သည့် 'တရားဥပဒေ အယူအဆများ ရှင်းပြခြင်း' တွင် ယန္တရားမှ စုံစမ်းစစ်ဆေးနေသော ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများ၏ သဘောသဘာဝကို လူအများ ပိုမိုနားလည်နိုင်စေရန် ရှုပ်ထွေးသော ဥပဒေ အသုံးအနှုန်းများကို ရိုးရိုးလွယ်လွယ် ရှင်းပြသည်။




ပထမတစ်ခု ဖြစ်သည့် 'ဒီတစ်ပတ်မေးခွန်း' တွင် ယန္တရားမှ မကြာခဏ လက်ခံရရှိသည့် မေးခွန်းများကို လိုရင်းတိုရှင်း ဖြေဆိုထားသည်။

# လက်ရှိတရားစွဲဆိုမှုများ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ

## အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) – ဂမ်ဘီယာ နှင့် မြန်မာ

၂၀၁၉ ခုနှစ် တွင် အစ္စလာမ်ဘာသာဝင်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် နိုင်ငံ ၅၇ နိုင်ငံ၏ ထောက် ခံမှု ရထားသော ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ သည် လူမျိုးတုန်းသတ်ဖြတ်မှုတားဆီးရေးနှင့် အပြစ်ပေးရေး ဆိုင်ရာ သဘောတူညီချက် (ဂျီနိုစိုက် ကွန်ဗန်းရှင်း) ကို ကျူးလွန်ဖောက်ဖျက်ရာရောက်သည်ဟု စွပ်စွဲပြီး ICJ တွင် အမှုဖွင့်ခဲ့သည်။ ၂၀၂၂ ခုနှစ် တွင် ICJ သည် မြန်မာ၏ ပဏာမကန့်ကွက်ချက်များကို ပယ်ချခဲ့သည်။ ဂျီနိုစိုက်ကွန်ဗန်းရှင်း၏ အဓိက ရည်ရွယ်ချက်ဖြစ်သည့် လူမျိုးတုံး သတ်ဖြတ်မှု တားဆီးရေးနှင့် အပြစ်ပေးရေးဆောင်ရွက်မှု သည် စာချုပ်လက်မှတ်ရေးထိုးသူအားလုံး၏ "ဘုံအကျိုးစီးပွား" ဖြစ်ကြောင်း ICJ မှ မှတ်ချက်ပြုခဲ့သည်။ ဤ "ဘုံအကျိုးစီးပွား" ကို ထောက်ထား၍ ဂျီနိုစိုက်ကွန်ဗန်းရှင်းကို လက်မှတ်ရေးထိုးထားသည့် ဂမ်ဘီယာ သည် ဂျီနိုစိုက်ကွန်ဗန်းရှင်းကို လက်မှတ်ရေးထိုးထားသည့် တခြားနိုင်ငံအား တရားစွဲဆိုပိုင်ခွင့် ရှိသည်။

ဤသို့ဖြစ်ပြီးနောက်၊ ICJ သည် ၎င်းအမှုဖြစ်စဉ်အပေါ် နှစ်ဖက်နိုင်ငံတို့၏ တုံ့ပြန်လျှောက်လဲချက်များကို ကြားနာ မှု လုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ တုံ့ပြန်လျှောက်လဲရမည့် အချိန်ကန့်သတ်ချက်ကို သက်တမ်း တိုးပေးရန် တောင်းဆို ခဲ့သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံမှ ဂမ်ဘီယာ၏ လျှောက်လဲချက်များ ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ နောက်ဆုံးထား၍ တုံ့ပြန်ရန် ညွှန်ကြားထားသည်။


© UN Photo/ICJ-CIJ/Frank van Beek

## အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) – ဘင်္ဂလားဒေ့ရှ်/မြန်မာ နိုင်ငံတို့၏ အခြေအနေ

၂၀၁၉ ခုနှစ်တွင် ICC တရားလို ရှေ့နေသည် မြန်မာနိုင်ငံရှိ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများကို နယ်စပ်ဖြတ် ကျော်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကြပ်ပြန်ပို့ခြင်းနှင့် ပတ်သက်သည့် ရာဇဝတ်မှုများကို စုံစမ်း စစ်ဆေးမှုများ လုပ်ပိုင်ခွင့် ရရှိခဲ့သည်။

ယန္တရားသည် တရားလိုရှေ့နေရုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင် ရွက်နေပြီး အချက်အလက်နှင့် အထောက်အထားများကို မျှဝေလျက်ရှိသည်။



## အာဂျင်တီးနားတရားရုံး

၂၀၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ရှိသော အမှုဖြစ်ကြောင်း တင်သွင်းပြီးနောက်၊ အာဂျင်တီးနား နိုင်ငံတော် ရာဇဝတ်တရားရုံးမှ စုံစမ်းစစ်ဆေးရေး တရားသူကြီးသည် မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများအပေါ် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များ နှင့် ပတ်သက်၍ ၂၀၂၁ ခုနှစ်တွင် စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့သည်။

ဤတရားသူကြီးသည် စုံစမ်းစစ် ဆေးရေးအာဏာများကို ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော် အစိုးရရှေ့နေရုံးသို့ လွှဲအပ်ခဲ့သည်။ ထို့နောက် အဆိုပါ နိုင်ငံတော် အစိုးရရှေ့နေရုံးမှ ယန္တရား၏ အကူအညီကို တောင်းဆိုခဲ့သဖြင့်၊ ယန္တရားသည် အစိုးရ ရှေ့နေရုံးနှင့် သက်သေအထောက်အထားများ မျှဝေပေးခဲ့သည်။

# မကြာခဏမေးလေ့ရှိသော မေးခွန်းများ

## ဘယ်အမှုဖြစ်ရပ်များ စုံစမ်းစစ်ဆေးမလဲဆိုသည်ကို ယန္တရားက မည်သို့ ရွေးချယ်သနည်း။

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် နိုင်ငံတကာရာဇဝတ်မှုများ၏ အတိုင်းအတာနှင့် ကြိမ်နှုန်းသည် သိသိသာသာ တိုးလာနေပါသည်။ ယန္တရားသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်အဖွဲ့များမှ အရပ်သားများကို မရှောင်ရှား မခွဲခြားပဲ ဆက်လက်တိုက်ခိုက်နေမှုများနှင့် ပြင်းထန်ဆိုးရွားသော ရာဇဝတ်မှုများအကြောင်း ပုံမှန်အစီရင်ခံစာများကို လက်ခံရရှိပါသည်။

ယန္တရား၏ အကန့်အသတ်ရှိသောရင်းမြစ်နှင့် စုံစမ်းစစ်ဆေးမှုတစ်ခုလုပ်ရန် လိုအပ်သောကြာချိန် တို့ကြောင့်၊ ယန္တရားသည် စုံစမ်း စစ်ဆေးမည့် အမှုဖြစ်ရပ်ကို ဦးစားပေးရွေးချယ်ရပါသည်။ ဤသို့ရွေးချယ်ရာတွင်၊ ရာဇဝတ်မှု၏ ဖြစ်စဉ်သဘာဝ၊ ပြင်းအားနှင့် အတိုင်းအတာ၊ ကျူးလွန်ခဲ့ပုံ နှင့် ထိခိုက်နစ်နာသူများအပေါ် သက်ရောက် မှုပမာဏ များဖြင့် အကဲဖြတ်ပါသည်။

ရရှိနိုင်သော အထောက်အထားများ၏ ခိုင်မာမှု၊ နိုင်ငံတကာ ရာဇဝတ်မှုစံနှုန်းများနှင့် ကိုက်ညီသော စုံစမ်းစစ်ဆေးမှု လုပ်နိုင်ခြေ၊ တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုမှ ဤရာဇဝတ်မှုအပေါ် တရားစီရင်မှု လုပ်ရန် လက်ခံနိုင်ခြေရှိမရှိ နှင့် ကျူးလွန်သူအား တရားစွဲနိုင်မည့် အမှုတည်ဆောက်ရန် ဖြစ်နိုင်ခြေတို့ ကိုလည်း ကြည့်ရှုပါသည်။ လိင်နှင့် ကျား-မအခြေပြု ရာဇဝတ်မှုများနှင့် ကလေးများအပေါ် ထိခိုက်စေ သော ရာဇဝတ်မှုများကို အဓိကဦးစားပေး လုပ်ဆောင်သည်။

## လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် အုပ်စုများမှ ကလေးများအား လက်နက်ကိုင် ပဋိပက္ခဖြစ်မှုတွင် စုဆောင်းအသုံးပြုခြင်းသည် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှု တစ်ခု ဖြစ်ပါသလား။

ရန်ပြုတိုက်ခိုက်မှုများတွင် အသက် ၁၅ နှစ်အောက် ကလေးများ ပါဝင်လုပ်ဆောင်နေသည် ဆိုသော လက်ခံရရှိထားသည့် အစီရင်ခံစာများကို ယန္တရားမှ သုံးသပ်နေသည်။ လက်နက်ကို တပ်ဖွဲ့များ သို့မဟုတ် အုပ်စုများမှ အသက် ၁၅ နှစ်အောက် မည်သူ့ကိုမဆို စုဆောင်းခြင်း သို့မဟုတ် ရန်ပြု တိုက်ခိုက်မှုများတွင် ပါဝင်တိုက်ခိုက်ရန် အသုံးပြုခြင်းသည် နိုင်ငံတကာရာဇဝတ်မှု ဥပဒေအရ စစ် ရာဇဝတ်မှု ဖြစ်သည်။

ဤဖြစ်ရပ်သည် လက်နက်ကိုင်တပ်ဖွဲ့ သို့မဟုတ် အဖွဲ့တစ်ခုသို့ မိမိ ဆန္ဒ အလျောက် ပါဝင်သည့်အခြေ အနေတွင်လည်း အကျုံးဝင်သည်။ လက်နက် ကိုင်တိုက်ခိုက်မှုများတွင် ပါဝင်တိုက်ခိုက်မှုမဟုတ်၊ ရန်သူတပ်ဖွဲ့များထံမှ ထောက်လှမ်းရေး အချက်အလက်များ စုဆောင်းခြင်း၊ အမိန့်ပေးခြင်း၊ သို့မဟုတ် လက်နက် ခဲယမ်းနှင့် အခြားစစ်သုံး ပစ္စည်းများ သယ်ဆောင်ခြင်း များလုပ်ဆောင်မှုကိုလည်း ရန်ပြုတိုက်ခိုက်မှုများတွင် ပါဝင်လုပ်ဆောင်သည်ဟု သဘောထားပါသည်။

တပ်မှူးများသည် ၎င်းတို့ ကွပ်ကဲမှုအောက်ရှိ တစ်စုံတစ်ယောက်သည် အသက် ၁၅ နှစ်အောက် ဖြစ်ကြောင်း သေချာသိလျှက် သို့မဟုတ် “သိသင့်သည့်” အခြေအနေရှိပါလျှက်နှင့် အသုံးပြုပါက၊ ထိုတပ်မှူးများတွင် ဤရာဇဝတ်မှုများအတွက် တာဝန်ရှိသည်။ တပ်မှူးတစ်ဦးအတွက် လူတစ်ဦးသည် အသက် ၁၅ နှစ်အောက်ဖြစ်ကြောင်းကို ရုပ်အဆင်းသဏ္ဍာန်ကြည့် ဆုံးဖြတ်ရန် လုံလောက်သည်။


iimm@un.org

iimm.un.org

fb.com/MyanmarMechanism

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား